# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

June 3, 2019 Volume 20, Number 1


၃.၆.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၁၄ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၅၉၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၆/ကျပ် |
| CBM Rate | = ၁၅၂၉.၇/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၀၉.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁.၅၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၃၄.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၆၃.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၁.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၈၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၉.၄၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၅.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၆၄၇ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## တရုတ်သို့ နယ်စပ်မှ ဆန်တန်တစ်သောင်း ပထမဆုံးအကြိမ်တရားဝင် တင်ပို့မည်

မူဆယ်နယ်စပ်မှ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ် ဆန်တန်ချိန်တစ်သောင်းကို ယခုလအတွင်း တရားဝင်တင်ပို့ခွင့်ရပြီဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောသည်။

မြန်မာနိုင်ငံမှ တရုတ်သို့ ဆန်တင်ပို့ခဲ့သည့် ဆယ်စုနှစ်အတွင်း တရားဝင် ဆန်တန်ချိန် အများဆုံးတင်ပို့နိုင်ခြင်းဟု ၎င်းကဆိုသည်။တရားမဝင် ကုန်သွယ်မှု တားဆီးရေးခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံဘက်မှပို့ကုန်များ ငါးလကျော် တားဆီးခံ ရပြီးနောက် ပထမဆုံးအကြိမ် မြန်မာ့ဆန်ကို တရုတ်နိုင်ငံက တရားဝင် ပြန်လည် ဝယ်ယူခြင်း ဖြစ်သည်။ 'တဖြည်းဖြည်းနဲ့ နယ်စပ်ကနေ တရားဝင်တင်ပို့နိုင်မှု လမ်းကြောင်းက ပွင့်သွားမှာပါ"ဟု ဦးရဲမင်းအောင်က ပြောသည်။

ဆန်တန်ချိန်တစ်သောင်း တင်ပို့ရေးကို ယူနန်ပြည်နယ်မှ ရွှေချိုက်ကုမ္ပဏီနှင့် မြန်မာနိုင်ငံမှ ရှမ်းမြောက်ဆန်စပါး အများပိုင်ကုမ္ပဏီတို့ အရောင်းအဝယ်စာချုပ်ကို လက်မှတ်ရေးထိုးခြင်းဖြစ်ကြောင်း ဦးရဲမင်းအောင်က ပြောသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်စည်ဖလှယ်သည့်စနစ်ကို အခြေခံ၍ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများအပေါ် မူဘောင်သဘောတူညီမှုများ ရရှိပြီး ပထမ အကြိမ် နှစ်ဖက်တွေ့ဆုံညှိနှိုင်း အစည်းအဝေး ဆုံးဖြတ်ချက်များ ချမှတ် နိုင်ခဲ့သည်ဟု ၎င်းက ဆို သည်။

ယခင် မြန်မာနိုင်ငံမှ ဆန်တင်ပို့ရာတွင် စီးပွားကူးသန်းဝန်ကြီးဌာနက မြန်မာ ကုန်သည်များကို တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုပေးသော်လည်း တရုတ်အစိုးရက ၎င်း၏ ကုန်သည်များကို တရားဝင် တင်သွင်းခွင့် မပြုပေ။ ထို့ကြောင့် မြန်မာဆန် ကုန်သည်များက မူဆယ်နယ်စပ်တွင် တရုတ်ကုန်သည်များကို တရားမဝင် ရောင်းချခဲ့ရသည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်က မြန်မာနိုင်ငံမှ နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် တစ်သန်းကိုးသိန်းခန့် တင်ပို့ရာတွင်လည်း ၉၀ ရာခိုင် နှုန်းကျော်ကို တရုတ်ကုန်သည်များက တရားမဝင် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ၂၀၁၈ နှစ်ကုန်ပိုင်းတွင် ယူနန်အစိုးရက တရားမဝင် ကုန်သွယ်မှု တားဆီးရေးကို အကောင်အထည်ဖော်ချိန်၌ မြန်မာနိုင်ငံမှ ဆန်အပါအဝင် လယ်ယာ ထွက်ကုန်များ တင်ပို့ခွင့် မရသည့်အခြေအနေ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် တရုတ်နယ်စပ်တွင် ပိတ်မိနေသော ဆန်များအမြန်ဆုံး တင်ပို့ နိုင်ရေးအပါအဝင် နှစ်နိုင်ငံ ကုန်စည်ဖလှယ်ရေးစနစ် အကောင်အထည်ဖော်ရန် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များက ယူနန်အစိုးရနှင့် ကူမင်းမြို့၌ (မေ လ ၃၁ ရက်) တွင် တွေ့ဆုံဆွေးနွေးပြီး တရားဝင်ဆန်တင်ပို့ရေးကို ပထမဆုံးအကြိမ် သဘောတူ ညီမှုရရှိခြင်းဖြစ်သည်။

လက်ရှိ မူဆယ်တွင် ဆန်တန်ချိန် ခြောက်သောင်းခန့် ပိတ်မိနေပြီး တန်ချိန်တစ်သောင်း တင်ပို့နိုင်ခြင်းက မြန်မာနိုင်ငံအတွက် အခွင့်အလမ်းတစ်ခုဖြစ်သည်ဟု မူဆယ်ဆန်ကုန်စည်ဒိုင် အသင်းဝင် တစ်ဦးက ဆိုသည်။

**Source:** http://www.7daydaily.com/story/157551

## တရုတ်ဘက်က သစ်သီးဝလံတွေဈေးနှုန်း သုံးဆအထိ မြင့်တက်လာ

မန္တလေးမြို့ သစ်သီးဝလံဈေးကွက်မှာ တရုတ်ဘက်က ဝင်လာတဲ့ ပန်းသီး၊ ဆန်းကစ်၊ သစ်တော်သီး၊ နဂါးမောက်သီးတွေ



ဟာ လွန်ခဲ့တဲ့ နှစ်ပတ်ကျော်ကတည်းက ဈေးသုံးဆ လောက်တက်သွားတယ်လို့ ၈၅ လမ်း၊ လမ်း ၃၀ နေခြည်သစ်သီးပွဲရုံက သိရပါတယ်။

သစ်တော်သီးတစ်ဖာကို အရင်က ကျပ် ၁၅,၀၀၀၊ ၁၇,၀၀၀ ကနေ အခု ကျပ် ၄၀,၀၀၀ အထိရှိနေ တယ်လို့ သိရပါတယ်။ ပန်းသီး အကျွတ်သီးကလည်း အရင် က တစ်ဖာကို ကျပ်၃၅,၀၀၀ ကနေ အခု ကျပ် ၅၇,၀၀၀ ခန့်အထိ ဈေးတက် သွားပါတယ်။ပြည်တွင်းမှာစိုက်ပျိုးတဲ့ စပျစ်သီး (ဗမာသီး) ရှားပါးချိန် ရောက်လာတာကြောင့် တန်ခူးလပြီးကတည်းက စပျစ်သီးဈေးတွေ စတက်လာ တယ် လို့သိရပါတယ်။ စပျစ်သီးတစ်ဖာကို ကျပ် ရ၀၀၀-၈၀၀၀ ကနေ အခုပေါက်ဈေး ကျပ် ၁၀,၀၀၀ ကနေ ကျပ် ၁၅,၀၀၀ ဝန်းကျင်အထိ ရှိနေတယ် လို့သိရပါတယ်။

ဈေးအရမ်းတက်သွားတာကြောင့် တရုတ်ပြည်ဘက်က သစ်သီးတွေအစား ယိုးဒယားဘက်က ဝင်ရောက်လာတဲ့ သစ်သီးတွေကို တင်သွင်းရောင်းချနေရပါတယ် "နှစ်တိုင်းကတော့ အဲဒီလို မဖြစ်ဖူးဘူး၊ နှစ်ပတ်လည်လုံးသစ်သီး ပေါတယ်၊ ဒီနှစ်မှ ဘာဖြစ်တယ်မှန်းမသိဘူး၊ တရုတ်ပြည်ဘက်မှာကိုပစ္စည်းမရှိဘူးဖြစ်နေတယ်၊ အရင်နှစ်တွေတုန်းက ပစ္စည်းတွေ နေရာချစရာမရှိဘူး၊ ဒီနှစ်တော့ သစ်သီးသိပ်မဝယ်နိုင်ဘူးဖြစ်နေတယ်"လို့ နေခြည်သစ်သီးပွဲရုံပိုင်ရှင် ဦးသန်းအောင်က ပြောပါတယ်။

**Source:** https://www.kumudranews.com/news-33687

## အေးခဲသရက်သီးအနှစ် လူကြိုက်များလာ



မန္တလေးမှာ သဇင်နွယ် သရက်လုပ်ငန်းက ထုတ်လုပ်တဲ့ တန်ဖိုးမြင့် အေးခဲသရက်သီး အနှစ်ကို ပြည်တွင်းမှာ ဖြန့်ချိနေရာမှာ လူကြိုက် များ လာသလို ကိုရီးယားက ဝယ်ယူဖို့ လာရောက် ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။ သဇင်နွယ် သရက်လုပ်ငန်းပိုင်ရှင် ဒေါ်တင်တင်မြက "လူ ကြိုက် တော်တော်များလာတယ် ၊ ဝယ်တဲ့ဖောက် သည်တွေဘက်ကလဲ ဟိုဆိုင်ကို ၁၀ ထုပ် ပို့ပေး ပါဦး ဒီဆိုင်ကို ၁၀ ထုပ် ပို့ပေးပါဦးနဲ့ မှာကြတယ်၊ သူတို့လဲ အမြတ်ကျန်တယ်၊ သောက်တဲ့သူကလဲ ကြိုက်ကြတဲ့အတွက် ခဏခဏအော်ဒါလာတယ်"လို့ ပြောပါတယ်။

၂၀၁၆ ခုနှစ်တုန်းကတော့ ကိုရီးယားကို ၁၈ တန် တင်ပို့ဖူးပြီး အခုလည်း အဲသည်ဝယ်လက်က ပြန်ပြီး ဆက်သွယ် နေတယ်လို့ သိရပါတယ်။ ပြည်တွင်းမှာ လောလောဆယ် အနေနဲ့ကတော့ သည်သရက်သီးအနှစ်နဲ့ ကိတ်မုန့်တွေ၊ ဖျော်ရည်တွေ ပြုလုပ်ဖို့ ဝယ်ကြတာ များတယ်လို့ သိရပါတယ်။ လောလောဆယ် ပြည်တွင်း ဈေးနှုန်းကတော့ တစ်ကီလို တစ်ထုပ်ကို ကျပ် ၃၀၀၀ ဖြစ်ပါတယ်။ "အမှန်က မကိုက်ဘူး ၊ ဒါပေမဲ့ ဈေးကွက်ပေါက်အောင် ထိုးဖောက်နေတယ်၊ ကျပ်

၃၀၀၀ ဆိုတော့ အင်မတန် နည်းပါတယ်၊ ၅၀၀၀ လောက်ရောင်းမှ ဝယ်ရောင်းတဲ့သူတွေလဲ ပါးပါးလေးစားရမယ်၊ ကိုယ်လဲ အမြတ်ပါးပါးလေး ကျန်မယ်ပေ့ါ” လို့ ဒေါ်တင်တင်မြက ပြောပါတယ်။ ဂျပန်ကိုပို့မယ်ဆိုရင် သူတို့က ဓာတ်ခွဲ စမ်းသပ်ပြီးမှ ဝယ်မယ်လို့ ဆိုပါတယ်။

**ဓာတ်ခွဲခန်းရှိစေချင်**

အခုအချိန်မှာ ဓာတ်ခွဲခန်းက ရန်ကုန်မှာပဲရှိနေတာကြောင့် နိုင်ငံတော်အနေနဲ့ မန္တလေးမှာ ဓာတ်ခွဲခန်းလေး လုပ်ပေးစေချင်တယ် လို့ ဒေါ်တင်တင်မြက ဆိုပါတယ်။

သူက “ကိုရီးယားက ဝယ်ဖို့မေးတယ်၊ မင်းတို့ဟာက ဘာဆာတီဖီကိတ်ရှိလဲတဲ့၊ ကျွန်တော်ထောင်ထားတဲ့ ဟိုတယ်ပေဇယ်မှာ မနက်စာရော ညေ့ခံတာကိုရော ဒီသရက်ဖျော်ရည်တိုက်တယ်၊ ဘာကွန်ပလိန်းမှမလာတာ ကျွန်တော့်ရဲ့ ဆာတီဖီကိတ်ပဲလို့ ပြောလိုက်တယ်” လို့ ပြောပါတယ်။

ပုံထားတဲ့ထဲကနေ သေချာမှည့်တာတွေ ရွေးထုတ်ပြီးတော့ ရေလေးထပ်လောက်ဆေးကာ ထိပ်တွေဖြတ်တယ်။ ပြီးတော့ ရေခဲရည်ထဲမှာထည့်ပြီး အောက်ဆီဒေးရှင်း ပေးထားတဲ့စက်ကိုလည်း တပ်ထားတဲ့အတွက် အသီးမှာ မှိုတို့၊ ရောဂါတို့ ပါသွားရင် စက်ကသတ်ပစ်လိုက်တယ်လို့ ဆိုပါတယ်။

ပိုးသတ်၊ မှိုသတ်ပြီး အနှစ်ကြိတ်တဲ့စက်ထဲကို ရောက်သွားတဲ့အခါ အနှစ်သတ်သတ် ၊ အခွံတွေနဲ့ အစေ့တွေ သတ်သတ် ထွက်လာပါတယ်။ ထွက်လာတဲ့အနှစ်ကိုမှ ပြန်ပြီးတော့ ပက်ကင်ထုပ်ပြီး နှစ်နာရီအတွင်းမှာ အနုတ် ၁၈ ဒီဂရီရောက် သွားတဲ့အခန်းထဲကို ထည့် လိုက်ရပါတယ်။ နေ့တစ်ဝက်လောက်ထားလိုက်လို့ ခဲသွားပြီဆိုရင် အအေးခန်းထဲကို ပြောင်းထည့် ရတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-33709

## အိန္ဒိယကုန်သည်များ ဝယ်လိုအားကြောင့် ပြည်တွင်းပဲဈေးတက်




အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကုမ္ပဏီစာရင်းများ ထုတ်ပြန်ခြင်းကြောင့် ပြည်တွင်း၌ အဝယ်လိုက်လာပြီး ဈေးထပ်မံ မြင့်တက်လာကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန် သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးက ပြောသည်။

ပဲတင်သွင်းခွင့်ကို ယခင်နှစ်ကဲ့သို့ အချိန်ကန့်သတ်ထားခြင်း မရှိသောကြောင့် အလုံးအရင်းဖြင့် ဝယ်ယူမှု မရှိနိုင်ကြောင်း ၎င်းက ပြောသည်။ “ဝယ်လိုအားရှိရင် ဈေးကတော့ တက်မှာပဲ” ဟု ဦးမင်းကိုဦးကို ၎င်း၏အမြင်ကို ပြောသည်။ ထို့အပြင် ပြည်တွင်း စိုက်ပျိုးထုတ်လုပ်မှု လျော့နည်းပြီး အထွက်နှုန်းကျဆင်းသော မတ်ပဲအတွက် ယခုနှစ်စိုးရိမ်စရာ မရှိကြောင်း ၎င်းက ပြောသည်။ ပြီးခဲ့သည့် နှစ်များက မြန်မာနိုင်ငံတွင် မတ်ပဲစိုက်ပျိုးထုတ်လုပ်မှု တန်ချိန်လေးသိန်းကျော်မှ ငါးသိန်းကျော်အကြား ရှိသော်လည်း ယခုနှစ်တွင် မတ်ပဲက တန်ချိန်သုံးသိန်းခန့်သာ စိုက်ပျိုးထုတ်လုပ်သည်။ အိန္ဒိယက ယခုနှစ်တွင် မတ်ပဲတန်ချိန်တစ်သိန်းခွဲ တင်သွင်းရန် ခွဲတမ်းပေးထားခြင်း၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်နှင့် ယူအေအီးနိုင်ငံတို့က ဝယ်လိုအားရှိနေကြောင်း ပဲကုန်သည်အချို့က ပြောသည်။

ထို့ကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်းက လက်ရှိတစ်တန်လျှင် ၈၆၅,၀၀၀ ကျပ်မှ ၁,၀၅၀,၀၀၀ ကျပ်အထိ ဈေးရှိနေသည်။ လက်ရှိပေါက်ဈေး အိန္ဒိယအဝယ်တိုးလာပါက ထပ်မံမြင့်တက်နိုင်ကြောင်း ဘုရင်နောင် ပဲကုန်စည်ဒိုင်မှ ကုန်သည်တစ်ဦးက ပြောသည်။

ထို့အပြင် ပဲစင်းငုံလည်း ယခုနှစ်တွင်တန်ချိန် ငါးသောင်းခန့်သာ စိုက်ပျိုးထုတ်လုပ်ခြင်းကြောင့် ပြည်တွင်း၌ တစ်တန်လျှင် ကျပ် ၉၅၀,၀၀၀ မှ ၁,၀၄၀,၀၀၀ အထိ ဈေးရှိနေသည်။ “ပဲဈေးတက်ချိန်က လယ်သမား အများစုလက်ထဲမှာ ပဲကမရှိတော့ဘူး” ဟု ဆောင်းရာသီတွင် မတ်ပဲ စိုက်ပျိုးသော ဓနုဖြူမြို့နယ်မှ လယ်သမား ဦးသိန်းအောင်က ပြောသည်။

ပဲစင်းငုံ ဝယ်လိုအားရှိခြင်းကြောင့် မေလအတွင်း တစ်တန်လျှင် ကျပ်သုံးသောင်းခန့် ဈေးတက်လာသည်။ ပဲစင်းငုံဝယ်လိုအားက ပုံမှန်အခြေအနေရှိနေပြီး ဝယ်လိုအားများစွာ တိုးမြှင့်ခြင်း မရှိသေးကြောင်း ဦးမင်းကိုဦးက ပြောသည်။

ပဲတီစိမ်းလည်း လက်ရှိပြည်တွင်းဈေးကွက်တွင် တစ်တန်လျှင် ကျပ် ၁၀ သိန်းကျော်နှင့် ကျပ် ၁,၄၀၀,၀၀၀

အကြားဈေးရှိသည်။ ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှု၏ ၂၀ ရာခိုင်နှုန်းခန့်သာ အိန္ဒိယသို့ တင်ပို့ပြီး ဥရောပ အပါအဝင် အခြားနိုင်ငံများသို့လည်း အနည်းငယ်တင်ပို့ရောင်းချသည်။

ယခုနှစ် မတ်ပဲပေါ်ချိန်တွင် လယ်သမားများက ပဲတစ်တင်းလျှင် ကျပ် ၂၂,၀၀၀ မှ ကျပ် ၂၅,၀၀၀ အတွင်း ဈေးပေါက်ခဲ့သည်။ ရိတ်သိမ်းပြီးချိန်တွင် ဈေးမကောင်းသဖြင့် အထွက်နည်းသော တောင်သူများ အရှုံးပေါ် ခဲ့သည်။

**Source:** http://www.7daydaily.com/story/157587

## မြန်မာ့အာရေဗီးကာကော်ဖီဟာ ကမ္ဘာ့အဆင့်သတ်မှတ်ခံရပြီး သင့်တင့်တဲ့ဈေးနှုန်းရရှိလာ

နည်းပညာ၊ ချေးငွေနဲ့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာပါက ပြည်ပဝင်ငွေပိုမိုရရှိလာမှာဖြစ်ပါတယ်။ ပြင်ဦးလွင်နဲ့ ရှမ်းဒေသကထွက်ရှိတဲ့ မြန်မာ့အာရေဗီးကာကော်ဖီဟာ ကမ္ဘာ့အဆင့်သတ်မှတ်ခံရပြီး သင့်တင့်တဲ့ဈေးနှုန်းရရှိလာပြီလို့ မြန်မာနိုင်ငံကော်ဖီအသင်းက သိရပါတယ်။



မြန်မာနိုင်ငံ ကော်ဖီအသင်းနာယက ဦးရဲမြင့်က နည်းပညာ၊ ချေးငွေနဲ့ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာပါက ပြည်ပဝင်ငွေပိုမို ရရှိလာမှာဖြစ်ပြီး ကော်ဖီစိုက်တောင်သူတွေနဲ့ လုပ်ငန်းရှင်တွေ အကျိုးအမြတ်ဖြစ်ထွန်း လာနိုင်မယ်လို့ ဆိုပါတယ်။

မြန်မာ့ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာပြီး ပြည်ပဈေးကွက် ထိုးဖောက်နိုင်ဖို့ ကော်ဖီအရည်အသွေး ၊ ဈေးကွက်ရရှိရေး၊ ကော်ဖီစိုက်ပျိုး ထုတ်လုပ်သူတွေ ချေးငွေနဲ့ အရင်းအနှီးများ ရရှိရေးတို့အတွက် Coffee Board ဖွဲ့စည်းဆောင်ရွက်သွားမှာဖြစ်တယ်လို့ မေ ၁၅ ရက်နေ့နံနက် ၉ နာရီက မန္တလေးမြို့မှာပြုလုပ်ခဲ့တဲ့ ကော်ဖီဖိုရမ်က သိရပါတယ်။

**ကာကွယ်ပေးဖို့**

'မြန်မာနိုင်ငံက တင်ပို့တာ တစ်နှစ်ကို တန် ၃၀၀ လောက် တင်ပို့တယ်၊ နိုင်ငံတွင်းတင်သွင်းတဲ့ instant ကော်ဖီက ပိုများတဲ့အတွက် ပြည်ပမှတင်သွင်းလာတဲ့ အင်းစတန့်ကော်ဖီတွေကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နစ်နာမှုမရှိစေဖို့ နိုင်ငံတော်အနေနဲ့ ကာကွယ်ပေးဖို့ လိုပါတယ်"လို့ ဦးရဲမြင့်က ပြောပါတယ်။ ရိုးမကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦးက ကော်ဖီကို အနိမ့်ဆုံးဈေး ဘယ်လောက်ရှိသင့်တယ်ဆိုတာ သတ်မှတ်ဖို့ ထုတ်လုပ်မှု ကုန်ကျစရိတ်နဲ့ တွက်ချက်ဖို့လိုတာဖြစ်ပြီး မြန်မာနိုင်ငံမှာ တိုးစိုက်မယ်ဆိုရင် ဘယ်လောက်တိုးမလဲ၊ ဘယ်လိုကော်ဖီကို တိုးစိုက်မလဲ၊ ဘယ်လောက်ဈေးရအောင် ရောင်းကြမလဲဆိုတာတွေကို ကော်ဖီဘုတ်အဖွဲ့က လုပ်သွားမှာဖြစ်တယ်လို့ ဆိုပါတယ်။

ရွှင်မြို့နယ် ကော်ဖီအသင်းဥက္ကဋ္ဌ ဦးမောင်လူက "ဈေးကွက် အာမခံချက်ပေးထားနိုင်တာ အကောင်းဆုံးပါ၊ လက်ဖက်ဆိုရင် အော်ဂဲနစ်ဆိုရင် ၁၇၀၀ ကျပ်ရတယ်၊ ကျွန်တော်တို့ဆီ ကြိုက်သလောက် လာသွင်းပါဆိုတဲ့ ဒီလို ကုမ္ပဏီမျိုးတွေ ရောက်လာမှ၊ ဝယ်မယ့်သူရှိနေမှ အဆင်ပြေမယ်၊ ဆိုလိုတာက ကော်ဖီကို ဈေးတန်းတစ်ခုနဲ့ ဝယ်ပေးမယ်ဆိုတဲ့ အာမခံဈေးနဲ့ဖြစ်စေချင်တယ်၊ စိုက်ပျိုး တောင်သူတွေကိုလဲ ချေးငွေကိစ္စ အဆင်ပြေဖို့လဲ လိုပါတယ်"လို့ ပြောပါတယ်။

**ကမ္ဘာ့**နိုင်ငံတွေမှာ ရေနံပြီးရင် ကော်ဖီဟာ ဒုတိယအရေးပါတဲ့ ကုန်စည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေ ရရှိနိုင်တဲ့ စက်မှုသီးနှံတစ်ခုဖြစ်ပေမဲ့လည်း မြန်မာနိုင်ငံမှာ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုမှာ သတင်းအချက်အလက် ဖလှယ်မှုနဲ့ ထုတ်ကုန်လုပ်ငန်းအဆင့်တွေမှာ အားနည်း ချက်တွေ ရှိနေတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-33707

## သည်ရက်ပိုင်း သရက်သီး ကျဈေးနဲ့ငြိမ်နေ



သရက်သီးတွေ အရည်အသွေးအလိုက် ဈေးနှုန်း ထိုက်ထိုက်တန်တန် ရနေပေမဲ့ သည်ရက်ပိုင်းအတွင်း ဈေးကျလေးနဲ့ ငြိမ်နေပါတယ်။ ခွာညိုသစ်သီးပွဲရုံက ဦးစိုင်းခင်မောင်က “ပစ္စည်းတွေက အဝယ်များလို့ ဈေးက ကျပြီးငြိမ်နေတယ်၊ ပစ္စည်းရှားသွားရင်တော့ နည်းနည်းလောက်ပြန်တက်လာ နိုင်သေးတယ်”လို့ ပြောပါတယ်။

စိန်တစ်လုံးသရက် အိတ်စွတ်အိတ်ကြီးတစ်ခြင်းကို အရင်တစ်ပတ်ကယွမ် ၁၀၀ ကနေ ယွမ် ၁၂၀ မှာရှိပြီး သည်တစ်ပတ်မှာတော့ ယွမ် ၁၁၀ ကနေ ယွမ် ၁၂၅ ကြားမှာ ရှိပါတယ်။ အလတ်တစ်ခြင်းကို အရင်တစ်ပတ်က ယွမ် ၇၀ ကနေ ယွမ် ၈၀ ကြားရှိပြီး သည်တစ်ပတ်မှာတော့ ယွမ် ၈၀ ကနေ ယွမ် ၁၀၅ ကြားရှိပါတယ်။ ရှယ်ဆို ရင်တော့ ယွမ် ၁၃၀ ကနေ ယွမ် ၁၅၀ ကြားမှာရှိတယ်၊ အိတ်အလွတ်ဆိုရင်တော့ ယွမ် ၇၀ ကနေ ယွမ် ၈၀ ကြားရှိ တယ်လို့ ခွာညိုသစ်သီးပွဲရုံက သိရပါ တယ်။

ရွှေဟင်္သာသရက် အိတ်စွတ် အိတ်ကြီးတစ်ခြင်းကို အရင်တစ်ပတ်ကယွမ် ၁၁၀ ကနေ ယွမ် ၁၅၀ ကြားရှိပြီး သည်တစ်ပတ်မှာတော့ ယွမ် ၁၀၀ကနေ ယွမ် ၁၃၀ ကြား ရှိပါတယ်။ အိတ်လွတ်ကို အရင်တစ်ပတ်က ယွမ် ၇၀ ကနေ ယွမ် ၉၀ ရှိပြီး သည်တစ်ပတ်မှာတော့ ၅၅ ယွမ် ကနေ ယွမ် ၇၀ ကြားရှိပါတယ်။ ရင်ကွဲအိတ်စွတ်က ယွမ် ၆၀ ကနေ ယွမ် ၈၀ နဲ့ အိတ်အလွတ်ဆိုရင် ယွမ် ၄၀ ကနေ ၄၅ ယွမ် ရှိတယ်လို့ ခွာညိုသစ်သီးပွဲရုံက သိရပါတယ်။

**Source:** https://www.kumudranews.com/news-33714

## မြန်မာ-တရုတ် ကုန်စည်ဖလှယ်မှုစနစ်ဖြင့် ဆန်ကုန်သွယ်ရေးအတွက် မူဆယ်နယ်စပ်မှ တရားဝင် တင်ပို့နိုင်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီး မူဆယ်နယ်စပ်၌ ရောက်ရှိနေသည့် ဆန်တန်ချိန် ၁၀၀၀၀ စတင် တင်ပို့မည်

မြန်မာ-တရုတ် ကုန်စည်ဖလှယ်မှုစနစ် ဖြင့် ဆန်ကုန်သွယ်ရေးအတွက် မူဆယ်နယ်စပ်မှ တရားဝင် တင်ပို့နိုင်ရန် စာချုပ်ချုပ်ဆိုခဲ့ပြီး မူဆယ်နယ်စပ်၌ ရောက်ရှိသေည့် ဆန်တန် ၁၀၀၀၀ စတင်တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်မှ သိရသည်။



“မူဆယ်ရောက်နေတဲ့ ဆန်ကိုပဲ တန် ၁၀၀၀၀ အရင်စပြီး တင်ပို့ဖို့ စာချုပ်ချုပ်တာပါ။ ပြန်သွင်းဖို့က စီစဉ်နေဆဲဖြစ်ပါတယ်”ဟုမြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဥက္ကဋ္ဌ ဦးရဲမင်းအောင်က ပြောကြားသည်။

အဆိုပါ ကုန်စည်ဖလှယ်မှုစနစ် (Barter System) သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား မူဝါဒအသစ်ဖြစ်သည့်အတွက် မြန်မာ့ဘက်မှ တင်ပို့မည့် ပို့ကုန်များနှင့် တရုတ်ဘက်မှ တင်သွင်းမည့် သွင်းကုန်အမျိုးအစားများကို ဆွေးနွေးမှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် အဆိုပါ ကုန်စည်ဖလှယ်မှု စနစ်အတွက် မြန်မာနိုင်ငံဘက်မှ အခက်အခဲ မရှိသော်လည်း တရုတ်နိုင်ငံဘက်မှ ဝယ်ယူမည့် ကုန်စည်အမျိုးအစားနှင့် မိမိနိုင်ငံသို့ တင်သွင်းမည့် ကုန်စည် အမျိုးအစားအပေါ် မူတည်ကာ ညှိနှိုင်းဆောင်ရွက် သွားရမည်ဖြစ်ကြောင်း သိရသည်။

“ကျွန်တော်တို့ဘက်ကတော့ ဘာအခက်အခဲမှ မရှိဘူး။ တရုတ်နိုင်ငံမှာ ပေါ်လစီ မရှိသေးဘူး။ ကုန်စည်ဖလှယ်တဲ့ စနစ်တစ်ခုကို ဖော်ဆောင်နေတာ ဖြစ်တဲ့အတွက် သူတို့ဘက်မှာတော့ ရှိတယ်။ မြန်မာပြည် အနေနဲ့ကတော့ ဘယ်နည်းနဲ့ဖြစ်ဖြစ် ငါတို့ဆန်တွေရောင်းရဖို့ပဲ မြန်မာဘက် ကုန်သွယ်မှုနဲ့ ပတ်သက်ရင် တော်တော်လေး ပွင့်လင်းတယ်။ တစ်ဖက်မှာတော့ ကိုယ့်ဆီကဝယ်မယ့် ဝယ်လက်အပေါ်ပဲ မူတည်တယ်။ ဝယ်လက်နိုင်ငံရဲ့ တင်သွင်းတဲ့ ပေါ်လစီနဲ့ ကိုယ်တွေနဲ့ Inline ဖြစ်ဖို့လိုတယ်” ဟု ဦးအောင်သန်းဦးက ပြောကြားသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်ဖလှယ်မှုစနစ်ဖြင့် ကုန်သွယ်မှုပြုနိုင်ရန် ရေးထိုးခဲ့သည့် နားလည်မှု စာချွန်လွှာ (MoU) အရ ဆန်အပါအဝင် လယ်ယာသားငါး ထွက်ကုန်များကို မူဆယ်မှတစ်ဆင့် တင်ပို့ရောင်းချပြီး ယင်းတန်ဖိုးနှင့် ညီမျှသော ယူနန်ပြည်နယ်ထုတ် ဆောက်လုပ်ရေးပစ္စည်း၊ လယ်ယာသုံး စက်ပစ္စည်းနှင့် ဓာတ်မြေဩဇာများ ပြန်လည် ဝယ်ယူပေးရမည် ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ယူနန်ပြည်နယ် ကူမင်းပြည်သူ့ အစိုးရနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာနတို့သည် ကုန်ဖလှယ်မှုစနစ် (Barter System) ဖြင့် ကုန်သွယ်မှုပြုလုပ်ရန် ဧပြီ ၂၁ ရက်က MoU လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါ MoU ကို ညှိနှိုင်းအကောင်အထည် ဖော်နိုင်ပါက ဆန်စပါး အပါအဝင် မြန်မာ့လယ်ယာ သားငါးထွက်ကုန်များကို မူဆယ်နယ်စပ် ကုန်သွယ်မှု လမ်းကြောင်းမှ တွင်ကျယ်စွာ တင်ပို့ရောင်းချနိုင်မည် ဖြစ်ကြောင်း သိရသည်။

**Source: news-eleven.com/article/113012**

## ကြက်သွန်နီ ဈေးနည်းနည်းပြန်တက်



ကြက်သွန်နီတွေကို သည်တစ်ပတ်မှာ တရုတ်ဘက်က အဝယ်ပြန်လိုက်လို့ အနည်းငယ် ဈေးအပြောင်းအလဲ ဖြစ်သွားတယ်လို့ သိရပါတယ်။ ပျော်ဘွယ်မြို့နယ် တောင်သူ ဦးအေးဆွေက “ဈေးက အများကြီးတော့ မတက်ပါဘူး၊ နည်းနည်းလောက်ပါပဲ၊ ဒီပုံစံအတိုင်းဆိုရင်တော့ ကြက်သွန်ဈေးက ပြန်ကောင်းလာမှာ၊ ဈေး အများကြီးတော့ မဟုတ်ပေမဲ့ သွက်သွက် လေးပေါ့လေ” လို့ ပြောပါတယ်။

ပခုက္ကူမြားတံဆိပ် RC တစ်ပိဿာကို ကျပ် ၄၅၀၊ ဥကြီး တစ် ပိဿာကို ကျပ် ၅၅၀၊ ရှယ်တစ်ပိဿာဆိုရင် ၅၇၅ ကျပ်နဲ့ ထူးရှယ်တစ်ပိဿာကို ၆၂၅ ကျပ်ရှိတယ်လို့ သိရပါတယ်။ ပခုက္ကူစိုး တံဆိပ်ဆိုရင် ၄၀၀၊ ၄၅၀၊ ၅၀၀ နဲ့ ၅၄၀ ဈေးဖွင့်တယ်လို့ သိရပါတယ်။

မြစ်သားစတွေဆိုရင် ဥကြီးတစ်ပိဿာကို ကျပ် ၆၅၀ ရှိပြီး ကြက်သွန်နီရှယ် တစ်ပိဿာကို ကျပ် ၇၀၀ နဲ့ ထူးရှယ်ဆိုရင် တစ်ပိဿာကို ၈၂၅ ကျပ် ရှိပါတယ်။ နယ်ဘက်မှာတော့ RC တစ်ပိဿာကို ၃၇၅ ကျပ်၊ ၄၂၅ ကျပ် ရှိပြီး ဥကြီးဆိုရင် ကျပ် ၅၀၀၊ ရှယ်နဲ့ ထူးရှယ်ဆိုရင်တော့ ကျပ် ၅၅၀ ရှိပါတယ်။ ဦးအေးဆွေက “အခုဈေးကွက်က ဖွင့်ရုံဖွင့်ထားတာ ဝယ်တဲ့သူ အဲဒီလောက်မဟုတ်ဘူး၊ ရှေ့တစ်ပတ်လောက်ဆို နည်းနည်းလေး တက်လောက်မယ်၊ တက်တော့တက်မယ်၊ ဟဲဗီးကြီးလောက်တော့ မဟုတ်ဘူး”လို့ ပြောပါတယ်။ ပြီးခဲ့တဲ့နှစ်ကလည်း သည်လိုအချိန်ဆို သည်ဈေးမှာပဲရှိနေပြီး တက်မယ်ဆိုရင်လည်း ကျပ် ၅၀၊ ၁၀၀ လောက်ပဲတက်မယ်မှန်းထားတယ်လို့ သိရပါတယ်။

**Source:** https://www.kumudranews.com/news-33713

## စက်သုံးဆီဈေးနှုန်း ဆက်လက်ကျဆင်း

စက်သုံးဆီဈေးနှုန်းများ ဆက်လက်ကျဆင်းနေပြီး ဒီဇယ်ဆီနှစ်မျိုးသည် တစ်လီတာလျှင် ကျပ် ၁,၀၀၀ အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများသည် ဧပြီလကုန်ပိုင်းကစ၍ ဆက်တိုက်မြင့်တက်ခဲ့ရာမှ မေလကုန်တွင် ပြန်လည် ကျဆင်းလာခြင်း ဖြစ်သည်။ ဇွန်လ ၂ ရက်တွင် အောက်တိန်း- 92 တစ်လီတာလျှင် ကျပ် ၈၈၀၊ အောက်တိန်း- 95 တစ်လီတာလျှင် ကျပ် ၉၅၀၊ ဒီဇယ်တစ်လီတာလျှင် ၉၆၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၉၇၅ ကျပ်နှုန်းဖြင့် ရန်ကုန် အထိုင်ဈေးကွက်ရှိ စက်သုံးဆီအရောင်းဆိုင် အများစုက ရောင်းချခဲ့သည်။

အဆိုပါ ဈေးနှုန်းများသည် ယခုနှစ်အတွင်း အမြင့်ဆုံးဖြစ်ခဲ့သည့် မေလ ၃၀ ရက်က ရောင်းဈေးထက် တစ်လီတာလျှင် ကျပ် ၃၅ (တစ်ဂါလန်လျှင် ကျပ် ၁၆၀) ကျဆင်းခဲ့ခြင်းလည်း ဖြစ်သည်။ ထို့အပြင် ဒီဇယ်ဈေးနှုန်းသည် ဧပြီလကုန်ပိုင်းက တစ်လီတာလျှင် ကျပ် ၁,၀၀၀ အထက်သို့ရောက်ရှိရာမှ တစ်လကျော်အကြာတွင် ကျပ် ၁,၀၀၀ အောက် ပြန်လည်ရောက်ရှိခဲ့သည်။

"ကမ္ဘာ့ဈေး တောက်လျှောက် ကျနေတဲ့အတွက် ပြည်တွင်းမှာလည်း ဈေးနှုန်းဆက်တိုက်ကျနေတာပါ။ မိုးတွင်းကာလဆိုရင် ပြည်တွင်းဈေးကွက်မှာ ဈေးကျတတ်တဲ့ အစဉ်အလာက ရှိသေးတယ်"ဟု စက်သုံးဆီ ရောင်းဝယ် ရေးလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ ကမ္ဘာ့ရေနံစိမ်းဈေးသည်လည်း တစ်ပတ်အတွင်း တစ်စည်လျှင် ငါးဒေါ်လာခန့် ကျဆင်းခဲ့ပြီး ယခုနှစ်အတွင်း ဈေးကျဆင်းမှုနှုန်း အများဆုံး ဖြစ်ခဲ့သည်။

**Source:** http://www.7daydaily.com/story/157461

## မူဆယ် ကုန်သွယ်ရေးဇုန်မှ တရုတ်သို့ ကျောက်စိမ်းတင်ပို့မှု နှစ်ဆ တက်လာ

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ဘက်သို့ တရားဝင် ကျောက်စိမ်းတင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ထက် နှစ်ဆ တက်လာကြောင်း မူဆယ် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ "ဒီဘက်(မူဆယ်)ကကျ လမ်းခရီးလည်း မြန်သလို ဈေးကွက်အနေအထားနဲ့နီးတာကြောင့် တင်ပို့မှု များလာတာပါ"ဟု မူဆယ် နယ်စပ် ကုန်သွယ်ရေး ဦးစီးဌာန၏ ဒု ညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက ရှေ့ဝတီကို ရှင်းပြသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာမှ ၂၀၁၉ ခုနှစ် မေလလယ်အထိ မူဆယ် ကုန်သွယ်ရေးဇုန်မှ တင်ပို့ခဲ့သော ကျောက်စိမ်း စုစုပေါင်း တန်ဖိုး အမေရိကန် ဒေါ်လာ သန်းပေါင်း ၄၃၀ ကျော်ရှိရာ ယခင်နှစ် ကာလတူပို့ကုန် နှိုင်းယှဉ်မှုအရ နှစ်ဆ တက်လာသည်ကို တွေ့ရသည်။

အဆိုပါ ၇ လကျော် ကာလအတွင်း ကျောက်စိမ်းတင်ပို့မှုသည် အလေးချိန် ကီလို ၂ သန်းကျော် မူဆယ် နယ်စပ် ကုန်သွယ်ရေး ဇုန်မှ တရုတ် နိုင်ငံသို့ တင်ပို့ခဲ့ကြောင်းလည်း သိရသည်။ ယခင် ဘဏ္ဍာရေးနှစ် ကာလတူတွင် ကျောက်စိမ်း တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၃၀ ကျော်နှင့် အလေး ချိန် အားဖြင့် ကီလို ၁ သန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း မူဆယ် နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ မှတ်တမ်းတွင် ဖော်ပြ ပါရှိသည်။ ထိုသို့ တင်ပို့ရာတွင် နေပြည်တော်ပြပွဲမှ လေလံအောင် ကျောက်တင်ပို့မှု အများဆုံးဖြစ်ပြီး ပြင်ပဈေးကွက်မှ ကျောက် မှာ အနည်းစု ဖြစ်သည်ဟု ဆိုသည်။

ယခင်က ကျောက်စိမ်းပုတီး၊ လက်ကောက်၊ လက်စွပ်အစရှိသော အချောထည် လက်ရာများအား မန္တလေး၊ စစ်ကိုင်းမှ တဆင့် One Stop Service ဖြင့် တရုတ်နိုင်ငံသို့ မူဆယ်ကုန်သွယ်ရေးဇုန်မှ တဆင့်တင်ပို့ ခွင့်ပြုခဲ့သော်လည်း ၂၀၁၁ ခုနှစ် နှစ်ကုန်ပိုင်းမှ စတင်၍ ကျောက်စိမ်း အရိုင်းထည်များကိုလည်း တင်ပို့ခွင့်ပြုခဲ့သည်ဟု သိရသည်။

"မြန်မာ့ကျောက်စိမ်း အဓိက ဈေးကွက်ကလည်း ယူနန်ပြည်နယ်မှာပဲ ရှိတာဆိုတော့ မူဆယ်ဘက်က ပို့တဲ့ ကုန်သည် တွေအတွက် ပိုအဆင်ပြေတယ်"ဟု မြန်မာနိုင်ငံ ကျောက်မျက် ရတနာ လုပ်ငန်းရှင်များ အသင်းချုပ်မှ ဒေါ်ခင်လေးမြင့် က ရှေ့ဝတီကို ပြောသည်။

ထိုသို့ တင်ပို့ခွင့်ရသော ကျောက်စိမ်း အရိုင်းထည်အများစုမှာ နေပြည်တော် ကျောက်မျက်ပြပွဲမှ လေလံအောင် ကျောက် များကိုသာ မြန်မာ့ ကျောက်မျက်ရတနာ လုပ်ငန်းမှ ခွင့်ပြုချက်ဖြင့် သယ်ယူကြကြောင်း၊ ယခု နောက်ပိုင်းတွင် မန္တလေး ကျောက်စိမ်း ဈေးကွက်အတွင်းမှ ရောင်းချလိုက်သော ကျောက်များအား One Stop Service တွင် သတ်မှတ် ရာဖြတ် အခွန်နှုန်း ပေးဆောင်၊ ချိတ်ပိတ်ပြီး တင်ပို့မှုများရှိလာကြောင်း သိရသည်။

"အရင်က ကုန်းလမ်းကသွားတဲ့ ကျောက်အများစုက မှောင်ခိုသွားကြတယ်။ အဲဒါကြောင့် နိုင်ငံတော်လည်း အခွန်ရ

ကုန်သည်ဘက်မှာလည်း တရားဝင် သွားခွင့်ရအောင် ဖြေလျှော့ပြီး ဒီလိုသွားခွင့်ပြုခဲ့တာ”ဟု ဒေါ်ခင်လေးမြင့်က ရှင်းပြ သည်။ ၂၀၁၁ ခုနှစ်မတိုင်ခင်က နေပြည်တော် ကျောက်မျက်ပြပွဲမှ နိုင်ငံခြားသား ကုန်သည်များကို ရောင်းချရရှိသော လေလံ အောင် ကျောက်များအား လေကြောင်းလိုင်း နှင့် ပင်လယ်ရေကြောင်း တို့မှ ချိတ်ပိတ် တင်ပို့ခွင့်ပြုခဲ့သည်ဟုလည်း ဆို သည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၏ အဓိက ပို့ကုန်အမယ် အမျိုး ၂၀ ရှိသည့်အနက် ယခု ဘဏ္ဍာနှစ်အတွင်း ကျောက်စိမ်း သည် တင်ပို့မှု အများဆုံးဖြစ်ပြီး သဘာဝဓာတ်ငွေ့၊ ဆန် အပါအဝင် ကုန်စည်အများစု တင်ပို့မှုသည် အနှုတ် လက္ခဏာဘက် ရောက်လျက်ရှိကြောင်း နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန၏ ယခင်နှစ်နှင့် ကာလတူ ပို့ကုန် နှိုင်းယှဉ်ချက်များတွင် တွေ့ရှိရသည်။

မြန်မာ့ ကျောက်စိမ်းကို တရုတ်နိုင်ငံဘက်သို့ ကုန်းလမ်းဖြင့်ဆိုပါက ရှမ်းပြည်နယ် မူဆယ် နယ်စပ်၊ ချင်းရွှေဟော် နယ်စပ်နှင့် ကချင်ပြည်နယ် ကန်ပိုက်တီး နယ်စပ် ကုန်သွယ်ရေး စခန်းများမှ တင်ပို့ကြပြီး အဆိုပါ လမ်းကြောင်းများ အနီးရှိ ရှောင်ကွင်း လမ်းများဖြင့်လည်း တရားမဝင် တင်ပို့မှုများ ရှိနေကြောင်း ကျောက်ကုန်သည်များထံမှ သိရသည်။

**Source:** https://burma.irrawaddy.com/business/2019/06/01/193267.html

## မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးဝလံဈေးကွက်သို့ တစ်နေ့လျှင် သရက်သီးတင်ယာဉ် စီးရေ ၂၀၀ နီးပါး ပုံမှန်ဝင်ရောက်

မြန်မာပြည်အလယ်ပိုင်း ဒေသထွက် သရက်သီးများ တရုတ်ဈေးကွက် အတွင်းသို့ တင်ပို့မှုမှာ ဈေးကောင်းရနေပြီး နယ်စပ်ကုန်စည်ဈေးကွက် တစ်ခုဖြစ်သည့် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် အတွင်းသို့ တစ်နေ့လျှင် သရက်သီးတင် ယာဉ်စီးရေ ၂၀၀ ဝန်းကျင် နေ့စဉ်ပုံမှန် ဝင်ရောက်လျက် ရှိနေကြောင်း သိရသည်။ “လက်ရှိအချိန်မှာတော့ မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေး ဈေးကွက်အတွင်းက သစ်သီးဈေးကွက်ထဲကို မန္တလေးဘက်က သရက်သီးတွေ အဝင်များနေဆဲပါ။ သရက်သီးတင်ယာဉ်က တစ်ရက် တစ်ရက်ဝင်တဲ့ ယာဉ်စီးရေက အရင်လကထက်ကို ပိုများပါတယ်။ အရင်လက တစ်ရက်ကို ယာဉ်စီးရေ တစ်ရာကျော်ဝင်တယ်။ ဒီလအတွင်းမှာတော့ တစ်ရက်ကိုယာဉ်စီးရေ နှစ်ရာနီးပါး ပုံမှန်ဝင်ရောက်ပါတယ်” ဟု မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် အရှေ့မြောက်တံခါးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ဦးကျော်ကျော်လှိုင်က ပြောကြားသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်ရှိ သရက်သီးဈေးကွက်အတွင်းသို့ ရှမ်းပြည်ဒေသထွက် စိန်တစ်လုံး သရက်သီးများ စတင်ဝင်ရောက်လာပြီး မြန်မာပြည် အလယ်ပိုင်းဒေသထွက် ရွှေဟင်္သာ၊ ရင်ကွဲ၊ ပတ္တမြား၊ ငမောက်၊ ရွှေတောင်၊ ရွှေဖလား သရက်မျိုးများ ဝင်ရောက်ကြောင်း သိရသည်။ “ဒီတစ်နှစ် သရက်သီးဈေးတွေ ကောင်းနေပါတယ်။ လောလောဆယ် သရက်သီးထည့်တဲ့ခြင်းတွေ ပြတ်လပ်မှုက သရက်သီးအဝင်ကို ထိန်းပေးလိုက်သလိုပါပဲ။ သရက်သီးဈေးတွေ နည်းနည်း ပြန်တက်လာတယ်။ စိန်တစ်လုံး အိတ်စွပ်ဆိုရင် အနိမ့်ဈေး ၈၀ ယွမ်ကနေ အမြင့်ဈေး ၁၅၀ ယွမ်၊ အိတ်လွတ်ဆိုရင် အနိမ့်ဈေး ၇၅ ယွမ်ကနေ အမြင့်ဈေး ၉၀ ယွမ်၊ရွှေဟင်္သာ အိတ်စွပ် အနိမ့်ဈေး ၉၀ ယွမ်ကနေ အမြင့်ဈေး ၁၇၀ ယွမ်၊ ရင်ကွဲသရက်သီးက အိတ်စွပ် အနိမ့် ဈေး ၆၀ ယွမ်ကနေ အမြင့်ဈေး ၈၀ ယွမ်အထိ ဈေးရနေပါတယ်” ဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံကုန်စည် ဈေးကွက် အတွင်းရှိ ခွာညိုသစ်သီးပွဲရုံမှ ဦးစိုင်းခင်မောင်က ပြောကြားသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးဇုန်ရှိ သစ်သီးကုန်စည်ဈေးကွက် အတွင်းသို့ မေလအတွင်း သရက်သီးကား ၄၅၀၂ စီးမှ သရက်သီးတန် ချိန် ၂၇၀၂၄ တန်၊ ဖရဲသီးကား ၈၅၇ စီးမှ ဖရဲသီးတန်ချိန် ၁၀၁၃၇ ဒသမ ၅ တန်၊ သခွားမွှေးကား ခြောက်စီးမှ သခွားမွှေးတန်ချိန် ၅၈ တန်၊ ကန်စွန်းဥ ကားသုံးစီးမှ ကန်စွန်းဥ ၄၈၀ တန် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/113264

## တရုတ်နိုင်ငံသို့ဆန်တင်ပို့မှု ယခုနှစ် ရာခိုင်နှုန်း၈၀ အထိလျော့ကျ

ယခုဘဏ္ဍာနှစ်၌ တရုတ်နိုင်ငံသို့ဆန်တင်ပို့မှုမှာ ရာခိုင်နှုန်း ၈၀ အထိလျော့ကျသွားကြောင်း မေ ၂၇ ရက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် အသင်းသားစုံညီအစည်းအဝေးအပြီး၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦး က ပြောဆိုသည်။ "ပြည်ပဆန်တင်ပို့မှုက ၂၀၁၈—၂၀၁၉ ဘဏ္ဍာနှစ်မှာ သိသိသာသာ လျော့ကျသွားတယ်။ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုက ရာခိုင်နှုန်း ၈၀ အထိလျော့ကျသွားပြီး ဥရောပသမဂ္ဂ(EU)ကလည်း မြန်မာနိုင်ငံက ဆန်လုံးရှည်တင်ပို့မှုအပေါ် ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေး (GSP)ကို သုံးနှစ်လောက်ရပ်ဆိုင်းလိုက်တာကြောင့် ပြည်ပဆန်တင်ပို့မှုက သိသိ သာသာလျော့ကျလာတာပါ။ ပြည်ပဆန်တင်ပို့မှု သိသိသာသာ လျော့ကျသွားတဲ့အတွက် ပြည်တွင်းမှာ ဆန်လက်ကျန် သုံးသန်းကနေ သုံးသန်းခွဲအထိရှိနေတယ်။ ပြည်ပပို့ဆန်ဈေးကျနေတာက ပို့လို့မရလို့၊ ဈေးကွက်မရှိလို့ ပိုလျှံနေတာပါ"ဟု ဦးအောင်သန်းဦးက ပြောဆိုသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဒေသများဖြစ်သည့် ဒိုက်ဦးနှင့်အုတ်တွင်းတို့တွင် အစိုဓာတ် ၂၃၊ ၂၄ ရာခိုင်နှုန်းရှိသည့် နွေစပါးတင်း ၁၀၀ လျှင် ကျပ် ၄၄၀,၀၀၀ ဈေးဖြင့် စပါးတင်း ၁၄၀၀၀၀ ခန့်ကို ဝယ်ယူပေးပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့်နွေစပါးများသည် လျှပ်စစ်မီးအခက်အခဲနှင့် အခြောက်ခံစက် အလုံအလောက်မရှိသည့် အခက်အခဲများကြောင့် စပါးများအစိုဓာတ်များကာ အခြေခံစပါးဈေး ကျပ်ငါးသိန်းအောက်လျော့ကျပြီး စပါးတင်း ၁၀၀ လျှင် ကျပ် ၄၄၀,၀၀၀ နှင့် ၄၆၀,၀၀၀ အထိသာပေါက်ဈေးရှိကြောင်း သိရသည်။ ပြည်တွင်းရှိ ဆန်လက်ကျန်များသည် ပြည်ပတင်ပို့ရန် တစ်နှစ်လျှင် နှစ်ရာသီစိုက်ပျိုးသည့် ဧည့်မထ၊ ဇီယာ ရက် ၉၀ ဆန်အမျိုးအစားများဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တန်ချိန် ၃ ဒသမ ၆ သန်းကျော် စံချိန်တင်တင်ပို့နိုင်ခဲ့သော်လည်း ယခုဘဏ္ဍာ နှစ်၌ တန်ချိန်နှစ်သန်းကျော်သာတင်ပို့နိုင်သေးကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://myanmar.mmtimes.com/news/123838.html

## ပြည်တွင်းထွက် ငါးခြောက်ကုန်ချောများ အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းရှင်များလိုအပ်လျက်ရှိ

ပြည်တွင်းစားသောက်ကုန်ဖြစ်သော ငါးခြောက်ကုန်ချောမျိုးစုံကို ပြည်ပတင်ပို့နိုင်ရန်အတွက် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့်သူများ လိုအပ်နေကြောင်း မြန်မာနိုင်ငံ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် ထုတ်လုပ် ရောင်းချသူများအသင်း အထွေထွေအတွင်းရေးမှူးဦးထွန်းစိန်က မေ ၂၉ ရက်၌ ပြောဆိုခဲ့သည်။

ပြည်ပနိုင်ငံတွေကို တင်ပို့ဖို့ဆိုရင် အဆင်သင့်စားဖို့ သူတို့ဆီက လက်မှတ်တွေ လိုတယ်။ သူတို့ရဲ့ FDA ခွင့်ပြုချက်တွေ လိုတယ်။ သူတို့နိုင်ငံကို ကုန်ချောသွင်းမယ်ဆိုရင် စည်းကမ်းချက်တွေက များတယ်။ နိုင်ငံခြားတင်ပို့မယ်ဆိုရင် နိုင်ငံခြားသားဝယ်သူတွေလိုတယ်။ သူတို့လူမျိုးတွေစားသုံးဖို့ ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ နိုင်ငံတကာက အသိအမှတ်ပြုတယ်၊ ထုပ်ပိုးမှု၊ ကုန်ကြမ်းအစစအရာရာ သူတို့လက်ခံတယ်ဆိုရင်တောင် နည်းပညာ၊ ဈေးကွက်ဖော်ဆောင်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုတွေလိုတယ်။ နောက်ပြီး အခြောက်ခံတဲ့ စက်ပစ္စည်းတွေလိုတယ်။ ဒါကို သူတို့နဲ့ချိတ်ဆက်ပြီး ထုတ်လုပ်တယ်ဆိုရင် မိရိုးဖလာအစားအစာကို ပြည်ပတင်ပို့လို့ရနိုင်တယ်ဟု ဦးထွန်းစိန်က ပြောဆိုသည်။

လက်ရှိ ပြည်တွင်းထွက် ငါးခြောက်ကုန်ချောများကို ပါကင်ပိတ်အသင့်စား ငါးခြောက်များအဖြစ် ပြုလုပ်ရောင်းချနေခြင်းကြောင့် ပြည်တွင်းဈေးကွက်နှင့် နိုင်ငံတကာသို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်နေကြသော မြန်မာနိုင်ငံသားများသာ ဝယ်ယူစားသုံးမှုပြုနေပြီး ပြည်ပသို့တင်ပို့နိုင်သည့် အခြေအနေ မရှိသေးကြောင်း သိရသည်။

မိရိုးဖလာအစားအစာဖြစ်သော ပြည်တွင်းထွက် ငါးခြောက်ကုန်ချောကို အဆင့်မြှင့်တင်နိုင်ရန် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းရှင်များကို ဖိတ်ခေါ်မှုပြုပြီး ဈေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ရာတွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ ဥပဒေလိုအပ်ချက်များ၊ လမ်း၊ လျှပ်စစ်၊ အလုပ်သမားပြဿနာရပ်တို့ကြောင့် ဝင်ရောက်မည့်အရေး နှောင့်နှေးနေခြင်းဟု သိရသည်။

**Source:** https://myanmar.mmtimes.com/news/123824.html

## STOCK EXCHANGE (3.6.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 3rd Jun. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +0 | +0.00% | 11,000 | 11,000 | 11,000 | 653 | 7,183,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,200 | 7,860 | 25,152,000 | 38,929,150 | 124,573 |
| MCB | 00003 | 7,600 | -100 | -1.30% | 7,600 | 7,600 | 7,600 | 10 | 76,000 | 10,400,986 | 79,047 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,000 | 22,500 | 22,000 | 81 | 1,807,500 | 2,472,053 | 55,621 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 217 | 651,000 | 12,212,906 | 36,639 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.18 | +0.15 | +0.03% | 434.27 | 435.18 | 434.27 | 8,821 | 34,869,500 | 5 | 594,120 |


**Index chart**




# Market Overview

As of 1:00 pm, 3rd Jun. 2019

| MYANPIX | 435.18 ▲ 0.15 |
|---|---|
| Total Volume (shares) | 8,821 |
| Total Value (MMK) | 35 mil |
| Listed Company | 5 |
| Market Cap. (MMK) | 594,120 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 7,600 | ▼ 100 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 3,000 | ▲ 0 |